ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၉/၂၀၂၂)

အမှတ်စဉ် (၂၉/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁. မြန်မာနိုင်ငံ၏အနာဂတ်အတွက် လေးနက်သည့် လမ်းပြမြေပုံကို ပြင်ဆင်ထားပြီးဒေသတစ်ခုလုံး၏အကျိုးစီးပွားအတွက်ယင်းလမ်းပြမြေပုံကို ပံ့ပိုးပေးရေး အာဆီယံအား NUG တောင်းဆို

Republic of the Union of Myanmar
National Unity Government
President Office
presidentoffice@nugmyanmar.org

Reference: PO-88 (ASEAN)/2022
Date: November 8, 2022

Subject: The Acting President's Address to 40th & 41st ASEAN Summit

To: Their Excellencies, the ASEAN Leaders

H.E. Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah, Prime Minister of Negara Brunei Darussalam

H.E Hun Sen, Prime Minister of the Kingdom of Cambodia

H.E Joko Widodo, President of the Republic of Indonesia

H.E Thongloun Sisoulith, Prime Minister of the Lao People's Democratic Republic

H.E Dato' Sri Ismail Sabri, Prime Minister of Malaysia

H.E Ferdinand Marcos Jr, President of the Republic of the Philippines

H.E Lee Hsien Loong, Prime Minister of Republic of Singapore

H.E Prayut Chan-o-cha, Prime Minister of the Kingdom of Thailand

H.E. Pham Minh Chinh, Prime Minister of the Socialist Republic of Vietnam

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

မြန်မာနိုင်ငံ၏အနာဂတ်အတွက် လေးနက်သည့် လမ်းပြမြေပုံကို ပြင်ဆင်ထားပြီး ဒေသတစ်ခုလုံး၏အကျိုးစီးပွားအတွက် ယင်းလမ်းပြမြေပုံကို ပံ့ပိုးပေးရန် အာဆီယံအား အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသ မ္မတဒူဝါလရှီးလ က နိုဝင်ဘာ (၁၁) ရက်တွင် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ သဝဏ်လွှာပေးပို့ တောင်းဆိုခဲ့သည်။

အဆိုပါ သဝဏ်လွှာ၌ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အခြားသောသက်ဆိုင်သူများက ဥပဒေ၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အားလုံးပါဝင်နိုင်သည့် ကတိကဝတ်များအပေါ်အခြေခံကာ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် လေးနက်သည့် လမ်းပြမြေပုံကို ပြင်ဆင်ထားကြောင်း ရိုဟင်ဂျာအပါအဝင် မြန်မာပြည်သူ အားလုံးကို ပံ့ပိုးကူညီမှုနှင့် အကာအကွယ်များကို အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် တိုးချဲ့ ဆောင်ရွက်နေကြောင်း နှင့် ဒေသတစ်ခုလုံး၏ အကျိုးစီးပွား အတွက် ယင်းလမ်းပြမြေပုံကို ပံ့ပိုးပေးဖို့ရန် အာဆီယံကို တောင်းဆိုကြောင်း ဖော်ပြထားသည်။

အကြမ်းဖက်စစ်အာဏာရှင်များ အဆိုပြုထားသည့် ရွေးကောက်ပွဲမှာ အတုအယောင်နှင့် တရားမဝင်သောကြောင့် မြန်မာနိုင်ငံနှင့် ဒေသတွင်း မတည်ငြိမ်မှုများ ပိုကြီးမားလာစေမည်မှာ အသေအချာဖြစ်ကြောင်း ထို့ကြောင့်အဆိုပါ အတုအယောင်ရွေးကောက်ပွဲကို အာဆီယံကပယ်ချရန်အလေးအနက် မျှော်လင့်ကြောင်းလည်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

အာဆီယံအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် အခြားသော သက်ဆိုင်သူများကို ထိတွေ့ဆက်ဆံရန်အတွက် လေးစားစွာ အကြံပြုထားပြီး မြန်မာနိုင်ငံအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကပ်ဘေးကို ဖြေရှင်းရန်အတွက် အာဆီယံက အားလုံးပါဝင်သည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဖိုရမ်ကို ခေါ်ယူပေးရေးအတွက်လည်း တောင်းဆိုထားကာ ရက်စက်ကြမ်းကြုတ်မှုများ နေ့စဉ်ကျူးလွန်နေသည့် အကြမ်းဖက်စစ်ကောင်စီ၏ ကိုယ်စားလှယ်များကို လည်း အာဆီယံ အစည်းအဝေးသို့ ဖိတ်ကြားခြင်းမျိုး မပြုလုပ်သင့်ကြောင်းလည်း ဆက်လက် ထောက်ပြထားသည်။

ပြီးခဲ့သည့်နှစ် ဧပြီ ၂၄ ရက်တွင် ဂျကာတာမြို့၌ ပြုလုပ်ခဲ့သည့် အထူးထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များနှင့် စစ်အာဏာရှင်ခေါင်းဆောင်များ အကြား “အချက် ၅ ချက် သဘောတူညီမှု” ကို ယူထားပြီး ယင်းအချက်ငါးချက်ကို အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုထောက်ခံခဲ့သလို အပြည့်အဝပူးပေါင်းဆောင်ရွက်မှု များအတွက်လည်း ကမ်းလှမ်းခဲ့ကြောင်း အမျိုးသားညီညွတ် ရေးအစိုးရအနေဖြင့် အာဆီယံနှင့် လက်တွဲရန်အမြဲအဆင့်သင့် ရှိနေသလို ဆန့်ကျင်ဘက်အားဖြင့် အကြမ်းဖက်စစ်ကောင်စီက သဘောတူညီချက် ငါးရပ်ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြောင်း လည်း သဝဏ်လွှာတွင် ထောက်ပြထားသည်။

အကြမ်းဖက်စစ်ကောင်စီက ပြည်သူများကို အကြမ်းဖက်မှု အဆုံးသတ်ရေးအတွက် အာဆီယံနှင့် သဘောတူညီမှုကို ဘယ်သောအခါမှ လေးစားခြင်းမရှိသလို မြန်မာပြည်သူများ၏ ဆန္ဒကိုလည်း လေးစားမှုမရှိခဲ့ကြောင်း ယခုပြုလုပ်သည့် ထိပ်သီးအစည်းအဝေးတွင် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားခြင်း လက်တွေ့ကျသည့် ဆောင်ရွက်မှု များနှင့်မြန်မာပြည်သူများ၏ဆင်းရဲဒုက္ခများကိုချုပ်ငြိမ်းအောင် ကူညီဆောင်ရွက်ပေးပါက အထူးပင်ကျေးဇူးတင်ရှိမည်ဖြစ် ပြီး မြန်မာပြည်သူများအနေဖြင့် တော်လှန်ရေးကာလအတွင်း အတူရှိနေသူများကို ဘယ်တော့မှ မေ့မည်မဟုတ်ကြောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ၏ အမြင့်ဆုံး အာမခံချက်များကို လက်ခံပေးရန်အတွက်လည်း သဝဏ်လွှာ တွင်ထည့်သွင်းဖော်ပြထားသည်။ http://bit.ly/3AbLYDk

၂။ နောက်ခံသမိုင်းများကြောင့် အစုအဖွဲ့များအကြား ယုံကြည်ဖို့ခက်ခဲသော်လည်း အကြမ်းဖက်စစ်ကောင်စီကို အမြစ်ဖြတ်ပြီးသည့်တစ်နေ့တွင် ညီညွတ်စွာဖြင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ထောင်နိုင်မည်ဟု ယုံကြည်ကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ် ပြောကြား

နိုင်ငံ၏နောက်ခံသမိုင်းများကြောင့် အစုအဖွဲ့များအချင်းချင်းကြားတွင် ယုံကြည်မှုတည်ဆောက်ရေးခက်ခဲသော်လည်း အကြမ်းဖက်စစ်ကောင်စီကို အမြစ်ဖြတ်နိုင်ရေးမှာ ပထမဦးစားပေးဖြစ်ပြီး အကြမ်းဖက်သမား မရှိတော့သည့်တစ်နေ့တွင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်နိုင်မယ်ဟုယုံကြည်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက နိုဝင်ဘာ (၈) ရက်တွင် ပြုလုပ်သည့် NUCC နှင့် NUG/JCC တို့အကြား ချိတ်ဆက်ဆောင်ရွက်နေမှုအပေါ် အမျိုးသားညီညွတ်ရေးအစိုးရကဆောင်ရွင်သည့် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

“ ကျွန်တော်တို့ နိုင်ငံရဲ့ နောက်ခံသမိုင်းတွေကြောင့် အစုအဖွဲ့တွေအချင်းချင်းကြားမှာ ယုံကြည်မှုတည် ဆောက်ကြရတာ ခက်ခဲတာအမှန်ပါ။ ဒါပေမယ့် ဒီအချိန်ဒီကာလကတော့ တခြားအကြောင်းအရာတွေထက် ဆိုးရွားလွန်းတဲ့ အကြမ်းဖက်စစ်ကောင်စီကို အမြစ်ဖြတ်နိုင်ဖို့က ပထမဦးစားပေးဖြစ်တယ်လို့ ကျွန်တော်တော့ ရိုးရိုးသားသား ယုံကြည်ပါတယ်။ လူမဆန်တဲ့ အာဏာရူး အကြမ်းဖက်သမားတွေ မရှိတော့မယ့် တစ်နေ့မှာ ကျွန်တော်တို့ အားလုံးဟာ ညီညီညွတ်ညွတ်နဲ့ ကျွန်တော်တို့ တည်ထောင်ချင်ကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ထောင်နိုင်မယ်လို့ အသေအချာ ယုံကြည်ပါတယ်။” ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံရေးအရ ဖြေရှင်းဆွေးနွေးရမည့်အရာများ များပြားလွန်းပြီး ယင်းပြဿနာအများ စုမှာ စစ်အာ ဏာရူးများကျဆုံး သွားသည့်နေ့ရောက်မှသာ ပြေလည်နိုင်မည် ဖြစ်ပြီး တော်လှန်ရေးကို ဦးဆောင် နေသည့် အဖွဲ့များအနေဖြင့် စစ်အာဏာရူးကို အမြန်ဆုံး တိုက်ထုတ်နိုင်ရေးပိုမိုကြိုးစားကြရန်လည်း ပြည်ထောင်စုဝန် ကြီးချုပ်က ဆက်လက်တိုက်တွန်းပြောကြားသည်။ http://bit.ly/3g67jY7

ကာကွယ်ရေးဝန်ကြီးဌာန

၃။ တော်လှန်ရေးအင်အားစုများ၏ ညီညွတ်မှုအား အကြမ်းဖက်စစ်ကောင်စီ မည်သို့မျှခံနိုင်မည်မဟုတ်ဟု ကာကွယ်ရေးပြည်ထောင်စုဝန်ကြီးပြောကြား

တော်လှန်ရေးအင်အားစုများ၏ညီညွတ်မှုအား အကြမ်းဖက်စစ်ကောင်စီ မည်သို့မျှခံနိုင်မည်မဟုတ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရည်မွန်က နိုဝင်ဘာ ၉ ရက်တွင် အပတ်စဉ် PDF ရဲဘော်များအားမိန့်ခွန်းပြောကြားစဉ်ထည့်သွင်းပြောကြားခဲ့သည်။

“ အားလုံးသဘောတူမျှတဲ့ ဘုံပန်းတိုင်တစ်ခုအပေါ်မှာ တော်လှန်ရေးအင်အားစုတွေရဲ့ ညီညွတ်မှုကို တည် ဆောက်နိုင်ခဲ့ခြင်းဟာ နွေဦးတော်လှန်ရေးရဲ့ အင်မတန်ထူးခြားတဲ့ အချက်ဖြစ်တယ်။ ငါတို့ညီညွတ်တဲ့အားကို စစ်ကောင်စီဘယ်လိုမှ ခံနိုင်မယ်မဟုတ်ဘူး” ဟု ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

နွေဦးတော်လှန်ရေး၏ ထူးခြားချက်မှာ လူထုသည် တော်လှန်သည့်လူထုဖြစ်လာပြီး ပြည်သူပေါ် လက်နက်ကိုင် ရန်ပြုနေသည့် အကြမ်းဖက်စစ်တပ်ကို ရရာလက်နက်စွဲကိုင်ပြီး တုံ့ပြန်ဒဏ်ခတ်နေကြပြီ ဖြစ်ကြောင်း လူထုတိုက်ပွဲအတွင်းမှ CRPH ၊ NUCC ၊ NUG ပေါ်ထွက်လာခဲ့ကြောင်း တော်လှန်သည့် နိုင်ငံရေးပါတီများ EROs များဖြစ်လာခဲ့ကြောင်းနှင့် CDM များ သပိတ်တွေကလည်း စစ်အာဏာရှင်ကို အလံမလှဲစတမ်း ဆန့်ကျင်နေကြကာ PDF တပ်မတော်အသစ်မှာ နွေဦးတော်လှန်ရေးကပင် မွေးထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

“အတွေးအခေါ်တိုက်ပွဲမှာ စစ်အာဏာရှင်ဝါဒ အရေးနိမ့်နေပြီဆိုတာ သတိပြုမိတဲ့အတွက်လည်း အခုလို အကြောင်းအကျိုးမရှိ ဥပဒေချိုးဖောက်ပြီး မိုက်မိုက်မဲမဲ အာဏာသိမ်းခဲ့တာပဲ ဖြစ်တယ်။ ဘုရားစင်ပျောက်မှာ စိုးလို့ စစ်တပ်က အာဏာသိမ်းရပါတယ် ဆိုတဲ့ စိတ်ကစင့်ကလျား ပြောဆိုချက်တွေ ငါတို့ ကြားရလိမ့်မယ်။ အခုဆို ဒီမိုကရေစီမျက်နှာဖုံး ကွာကျပြီး ဖက်ဆစ်ဘီလူးခေါင်း ပေါ်လာခဲ့ပြီပဲ ဖြစ်တယ်။ သူတို့မှာ ပြည်သူဆိုတာ မရှိဘူး။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သူမှန်သမျှ သူတို့ရဲ့ ရန်သူပဲ” ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ http://bit.ly/3O5OTDa

လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝန်ကြီးဌာန

၄။ စစ်အရှိန်မြင့်လာသည်နှင့်အမျှ အကြမ်းဖက်စစ်ကောင်စီက ပိုမိုဖိနှိပ်ကြမ်းကြုတ်ပြီးရက်စက်သည့်ထိုးစစ် ဆင်လာနိုင်သည့်အတွက်ကြိုတင်ပြင်ဆင်ထားရန် NUG ပြည်ထောင်စုဝန်ကြီး သတိပေးတိုက်တွန်း

စစ်အရှိန်မြင့်လာသည်နှင့်အမျှ နေရာဒေသတိုင်းတွင် အကြမ်းဖက်စစ်ကောင်စီက ပိုမိုဖိနှိပ်ကြမ်းကြုတ်ပြီး ရက်စက်သည့်ထိုးစစ်ဆင်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန် အမျိုးသားညီညွတ်ရေးအစိုးရ လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်သည့် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှုဗဟိုကော်မတီနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီဝင်များတွေ့ဆုံဆွေးနွေးပွဲတွင် သတိပေးပြောကြားခဲ့သည်။

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာနအနေဖြင့် အရပ်သားထိခိုက်မှုလျော့နည်းရေးနှင့် ရိက္ခာဖူလုံရေးကို အဓိကထားဆောင်ရွက်နေပြီး အခြားဝန်ကြီးဌာနများမှလည်း အုပ်ချုပ်မှု ဖော်ဆောင်သည့်ကိစ္စရပ်များအပြင် ကဏ္ဍအသီးသီးရှိလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြင်၌လက်တွေ့ဖော်ဆောင်ရန်အဓိကဖြစ်၍ လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရန်ပုံငွေရရှိရေးတွင် ပြည်သူမှပြည်သူသို့ အဓိကထားဆောင်ရွက်နေပြီး နိုင်ငံတကာမှအကူအညီရရှိရန် အားထုတ်ကြိုးစားလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ချက်တိုင်းကို မှတ်တမ်းများထားရှိပြီး မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကွန်ယက်ချိတ်ဆက်မှုကောင်းမွန်စွာဆောင်ရွက်ရခြင်းဖြစ်၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုများတွင် လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန်လိုအပ်ပြီး တော်လှန်ရေးကိုအောင်မြင်စွာအမြန်ဆုံးအဆုံးသတ်နိုင်ရေးအတွက် အားလုံးအတူကြိုးစားကြရန် ပြည်ထောင်စုဝန်ကြီးက ဆက်လက်တိုက်တွန်းပြောကြားခဲ့သည်။ http://bit.ly/3O4THZR

နိုင်ငံခြားရေးဝန်ကြီးဌာန

၅။ အာဏာသိမ်းမှုမှ ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကို စုစည်းညီညွတ်မှု အသစ်အဖြစ် ပြောင်းလဲပြီး အနာဂတ်ကို ရှာဖွေနိုင်ခဲ့ပြီဟု နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်က Global Townhall ဆွေးနွေးပွဲသို့ ကြိုတင်ပေးပို့သည့် မိန့်ခွန်းတွင်ထည့်သွင်း ပြောကြား

အာဏာသိမ်းမှုမှ ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကို စုစည်းညီညွတ်မှုအသစ်အဖြစ်ပြောင်းလဲပြီး အနာဂတ်ကို ရှာဖွေနိုင်ခဲ့ပြီဟု အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်က Global Townhall ဆွေးနွေးပွဲသို့ ကြိုတင်ပေးပို့သည့် မိန့်ခွန်းတွင်ထည့်သွင်း ပြောကြားခဲ့သည်။

"သွေးကွဲနေသော ကမ္ဘာမှာ ရေရှည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည့် Glob al Townhall 2022 အခမ်းအနားတွင် အမှာစကားပြောကြားရန် အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်ကို ဖိတ်ကြားခဲ့သော်လည်း အခမ်းအနားစီစဉ်သူများ အနေဖြင့် ဖိအားပေးမှုအချို့နှင့်ရင်ဆိုင်ခဲ့ရခြင်းကြောင့် အမှာစကားပြောကြားရန် အစီအစဉ်ကိုဖျက်သိမ်း ခဲ့ရသော်လည်း ကြိုတင်ပေးပို့ထားသည့် မိန့်ခွန်းတွင် ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"အကြမ်းဖက်အာဏာသိမ်းမှုကနေဖြစ်ပေါ်လာတဲ့ စိမ်ခေါ်မှုတွေကို ကျမတို့ဟာ စုစည်းမှုအသစ် ညီညွတ်မှုအသစ်ကို ဖေါ်ဆောင်နိုင်မယ့် အခွင့်အလမ်းအဖြစ် ပြောင်းလဲနေတယ်ဆိုတာပါပဲ။ ကျမတို့ဟာ ကျမတို့ကို ခွဲခြားထားတဲ့ အတိတ်သမိုင်းက ဒဏ်ရာတွေအစား ၊ ကျမတို့ကိုစုစည်းနိုင်မယ့် အနာဂါတ်ကို ရှာဖွေနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ ခေတ်အဆက်ဆက် စစ်အာဏာရှင်တွေကြောက်ရွံ့ခဲ့တဲ့မမြင်ချင်ခဲ့တဲ့စုစည်းမှုပဲဖြစ်ပါတယ်။ဒီလိုနိုင်ငံရေးယဉ်ကျေးမှုအသစ်၊အစပြုမှုအသစ်အတွက် အင်အားစုများကြားမှာ ကျမတို့ကို ခွဲခြား နေတဲ့စနစ်နဲ့ ပကတိ အရှိတရားကို ရိုးသားစွာလက်ခံနိုင်ဖို့ စုစည်းနိုင်ဖို့ကျမတို့ အချိန်တွေ ၊ စိတ်ခွန်အားတွေများစွာ စိုက်ထုတ်ခဲ့ရပြီးဖြစ်ပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထို့အပြင် အာဏာရှင်များမှာ ပြည်သူလူထုနှင့် တိုင်းပြည်တည်ဆောက်ရေးအင်အားစုများအကြား သွေးခွဲ အုပ်ချုပ်ခြင်းနည်းနာကို ယင်းတို့အာဏာတည်မြဲရေးအတွက် မဟာဗျူဟာနည်းနာအဖြစ် အစဉ်တစိုက် ကျင့်သုံးခဲ့၊ ကျင့်သုံးဆဲဖြစ်ကြောင်း မြန်မာပြည်သူများက စစ်အာဏာရှင်များပြုလုပ်မည့် ရွေးကောက်ပွဲကိုလည်း အသိအမှတ်ပြုမည်မဟုတ်သကဲ့သို့ မည်သည့်နည်းမျိုးနှင့်မျှ တော်လှန်ရေးမှာနောက်ဆုတ်မည်မဟုတ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက် ပြောကြားခဲ့သည်။ http://bit.ly/3UxV05D

၆။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ အကြမ်းဖက်စစ်အုပ်စုနှင့် ဘက်တော်သား ခရိုနီများကို စီးပွားရေးပိတ်ဆို့မှုအသစ်များ ထပ်မံတိုးမြှင့် ဆောင်ရွက်ခဲ့မှုအား ကြိုဆိုကြောင်း NUG ထုတ်ပြန်

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ အကြမ်းဖက်စစ်အုပ်စုနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် ခရိုနီများကို နိုဝင်ဘာ ၈ ရက်တွင် စီးပွားရေးပိတ်ဆို့မှု အသစ်များ ထပ်မံတိုးမြှင့်ဆောင်ရွက်ခဲ့မှုအား ကြိုဆိုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယခု ထပ်မံတိုးမြှင့်သည့် အရေးယူဆောင်ရွက်မှုများသည် အမျိုးသားညီညွတ်ရေးအစိုးရအပေါ် ထောက်ခံအားပေးကြောင်း သတင်းစကားပါး လိုက်ခြင်းလည်းဖြစ်သကဲ့သို့ တဖက်တွင်လည်း စစ်ရာဇဝတ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည့် အကြမ်းဖက်စစ်အုပ်စုအားလည်း သတိပေးလိုက်ခြင်းလည်းဖြစ်ကြောင်းဖော်ပြ ထားသည်။

ဥရောပသမဂ္ဂ၏ ထပ်မံတိုးမြှင့်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများသည် လူပုဂ္ဂိုလ် ၁၉ ဦးနှင့် စစ်အုပ်စုနှင့် ဆက်နွယ်နေသည့်အဖွဲ့အစည်းတခုကို အရေးယူလိုက်ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ၅ ကြိမ်မြောက် ထပ်လောင်း အရေးယူခဲ့ခြင်းဖြစ်ပြီး အမေရိကန်၏ ယခုအကြိမ် အရေးယူမှုသည် စစ်အုပ်စု၏ စစ်လေယာဥ် နှင့် ဆက်စပ်အစိတ်အပိုင်းများ ဝယ်ယူထောက်ပံ့နေသူများကို ဦးတည်အရေးယူခြင်းဖြစ်သည်။

အောက်တိုဘာ ၂၃ ရက် ၂၀၂၂ ခုနှစ်တွင် အကြမ်းဖက်စစ်အုပ်စုက ကချင်တိုင်းရင်းသားတို့၏ ဖျော်ဖြေရေး အခမ်းအနားတခုကို လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး လူပေါင်းတစ်ရာခန့် ထိခိုက်သေဆုံးခဲ့ရသော အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်းတွင် ယင်းသို့ အရေးယူခဲ့ခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်နေမှုများကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရမှ ကျေးဇူးတင်ရှိကြောင်းလည်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ http://bit.ly/3USz1WX

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက် (၁၈ / ၂၀၂၂)
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

တရားမဝင်စစ်အုပ်စုနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသည့် ခရိုနီများအပေါ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂမှ အသစ်ထပ်မံတိုးမြှင့် ချမှတ်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများနှင့် ဆက်နွယ်သည့် ကြေညာချက်

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ နိုဝင်ဘာ ၈ ရက် ၂၀၂၂ တွင် တရားမဝင် စစ်အုပ်စုနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် ခရိုနီများကို စီးပွားရေးပိတ်ဆို့မှု အသစ်များ ထပ်မံ တိုးမြှင့်ဆောင်ရွက်ခဲ့မှုအပေါ် အမျိုးသားညီညွတ်ရေးအစိုးရမှ လှိုက်လှဲစွာကြိုဆိုပါသည်။

ယခုအချိန်သည် နိုဝင်ဘာ ၈ ရက် ၂၀၂၀ နေ့က ကျင်းပခဲ့သည့် အများစုက လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုလက်ခံခဲ့ကြသည့် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၏ ၂ နှစ်ပြည့် အချိန်ကာလလည်းဖြစ်ပါသည်။ ယခု ထပ်မံတိုးမြှင့်သည့် အရေးယူ ဆောင်ရွက်မှုများသည် မြန်မာပြည်သူများနှင့် မြန်မာပြည်သူများအား တရားဝင်အသိအမှတ် ပြုနိုင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ အပေါ် ထောက်ခံအားပေးကြောင်း သတင်းစကားပါး လိုက်ခြင်းလည်းဖြစ်ပါသည်။ တဖက်တွင်လည်း စစ်ရာဇဝတ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည့် အကြမ်းဖက်စစ်အုပ်စုအားလည်း သတိပေးလိုက်ခြင်းလည်းဖြစ်ပါသည်။

ဥရောပသမဂ္ဂ၏ ထပ်မံတိုးမြှင့်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများသည် လူပုဂ္ဂိုလ် ၁၉ ဦးနှင့် စစ်အုပ်စုနှင့် ဆက်နွယ်နေသည့်အဖွဲ့အစည်းတခုကို အရေးယူလိုက်ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ၅ ကြိမ်မြောက် ထပ်လောင်း အရေးယူခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ယခုအကြိမ် အရေးယူမှုသည် စစ်အုပ်စု၏ စစ်လေယာဥ်နှင့် ဆက်စပ်အစိတ်အပိုင်းများ ဝယ်ယူထောက်ပံ့နေ


၂

သူများကို ဦးတည်အရေးယူခြင်း ဖြစ်သည်။ အဆိုပါအရေးယူမှုသည် အောက်တိုဘာ ၂၃ ရက် ၂၀၂၂ ခုနှစ်က အကြမ်းဖက် စစ်အုပ်စုက ကချင်တိုင်းရင်းသားတို့၏ ဖျော်ဖြေရေးအခမ်းအနားတခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး လူပေါင်း တရာခန့် ထိခိုက်သေဆုံးခဲ့ရသော အကြမ်းဖက်ဖြစ်စဥ် နောက်ပိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်သူများ အရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ ဦးစီး ဦးဆောင်ပြု၍ ဆောင်ရွက်နေမှုများကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရမှ ကျေးဇူးတင်ရှိအပ် ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

၇ ။ မြန်မာ့အရေးနှင့်ပတ်သက်၍ အာဆီယံခေါင်းဆောင်များအား NUG က အချက် ၆ ချက် တောင်းဆို



Union Minister for Foreign Affairs
National Unity Government of the Republic of the Union of Myanmar

8 November 2022

Excellencies,

On the occasion of the 40th and 41st ASEAN Summits and Related Summits in Cambodia, the Republic of the Union of Myanmar, as represented by the National Unity Government (NUG), urges you as ASEAN leaders to prioritise the security, wellbeing, and democratic will and interests of the people of Myanmar as you determine ASEAN's way forward on Myanmar.

While you convene, the illegal military junta continues to escalate its indiscriminate attacks on civilians. Its bombing of schools and torching of villages has been joined by extreme atrocities that include beheadings and the burning to death of women and children. Even ASEAN appeals held no sway in stopping the extrajudicial execution of pro-democracy activists. The junta's detention of foreign nationals as a form of hostage-taking comprises yet another example of its terrorism.

In the midst of a humanitarian crisis that has seen one million civilians displaced, the junta's acts of aggression – which include cross-border incursions – also constitute a clear threat to the peace and security of the region and to the populations of ASEAN Member States.

At the same time, the National Unity Government and its ethnic and civic partners have achieved an historic convergence. We exercise control over more than half of the territory of Myanmar and are delivering public services including healthcare, humanitarian relief and education. Under the leadership of the representative National Unity Consultative Council (NUCC) and the democratically-constituted Committee Representing Pyidaungsu Hluttaw (CRPH), Myanmar is crafting a new federal democratic framework to address the grievances and to ensure the full inclusion of our ethnic and minority communities including the Rohingya. We also remain committed to international justice and to securing accountability for all crimes.

Where the NUG stands committed to partnership with ASEAN Members, the lack of progress on the Five-Point Consensus (5PC) necessitates a fresh approach. We therefore urge you as ASEAN leaders to take the following actions:

1. **Replace or expand the 5PC with a new framework that establishes formal mechanisms for engagement with the NUG as the legitimate representative of the**



2

Myanmar people. This should include NUG attendance at future ASEAN meetings and summits.

2. **Prioritise the urgent delivery of cross-border humanitarian assistance to all communities in need. This should see engagement with the NUG, Ethnic Resistance Organisations (EROs) and Myanmar civil society, and see the ASEAN AHA Centre endorse the joint humanitarian track agreed between the NUG's Ministry of Humanitarian Affairs and Disaster Management (MOHADM) and EROs.**

3. **Expand the provision of support to Myanmar nationals who have been forced to flee the country by junta operations and atrocities, including by respecting the principle of non-refoulement.**

4. **Convene dialogues on humanitarian issues affecting Myanmar with the Friends of ASEAN (China, India, United Kingdom, and the United States).**

5. **Support a long-term people-centered political solution to the multiple junta-induced crises in Myanmar. This must include constitutional and structural reform that is guided by the democratic will of the people of Myanmar and that involves the genuine participation of all Myanmar groups and communities. Under no circumstances should sham junta-led elections be permitted.**

6. **Support action on Myanmar by the United Nations Security Council and the General Assembly, which would prove complementary to and reinforcing of ASEAN's efforts.**

While the Myanmar people face a supremely dark moment in their history, we also see a brighter future. We remain united and determined to shape a renewed nation founded on peace, justice, equality, inclusion, human rights, and the protection of minorities. We also remain hopeful that with political will and creativity, ASEAN can help break the decades-long cycle of military atrocities and help us to secure sustainable and people-centered political solutions.

Please accept, Excellencies, the assurances of my highest consideration.

Yours Sincerely,

Zin Mar Aung
Union Minister

မြန်မာ့အရေးနှင့်ပတ်သက်၍ အာဆီယံခေါင်းဆောင်များအား အမျိုးသားညီညွတ်ရေးအစိုးရက အချက် ၆ ချက်တောင်းဆိုကြောင်း နိုဝင်ဘာ ၈ ရက်တွင် ကမ္ဘောဒီယားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၄၀ နှင့် ၄၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနက သဝဏ်လွှာပေးပို့ခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူလူထုအနေဖြင့် သမိုင်းဝင်ပေါင်းစည်းညီညွတ်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း လက်ရှိတွင်လည်း မြန်မာနိုင်ငံ၏ နယ်မြေတဝက်ကျော်ကို ထိန်းချုပ်ထားနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့် ပညာရေးအပါအဝင် ပြည်သူ့ဝန်ဆောင်မှုများကိုလည်း ပြုလုပ်ပေးနေပြီဟု သဝဏ်လွှာတွင်ဖော်ပြထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံခေါင်းဆောင်များအား အချက် ၆ ချက် တောင်းဆိုထားသည်။

ယင်းတောင်းဆိုချက်များမှာ အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထိတွေ့ဆက်ဆံရန်နှင့် အာဆီယံမူငါးချက်ကို တရားဝင်မူဘောင်အသစ်များ အစားထိုးချမှတ်ခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊ နယ်စပ်ဒေသတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများလိုအပ်နေသည့် ရပ်ရွာများ အားလုံးကို အကူအညီပေးပို့ခြင်း၊ အကြမ်းဖက်စစ်အုပ်စု၏ စစ်ဆင်ရေးများနှင့် ရက်စက်ကြမ်းကြုတ်မှုများကြောင့် နိုင်ငံတွင်းမှ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရသည့် မြန်မာနိုင်ငံသားများကို အတင်းအကြပ်ပြန်မပို့ရေးနှင့် ပံ့ပိုးကူညီမှုများတိုးချဲ့လုပ်ဆောင်ပေးခြင်းတို့ကို ဖော်ပြထားသည်။

ထို့အပြင် တရုတ်၊ အိန္ဒိယ၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အပါအဝင် အာဆီယံ၏ မိတ်ဖက်နိုင်ငံများ နှင့် မြန်မာနိုင်ငံကို ထိခိုက်စေသည့် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးခြင်း ၊ ရေရှည်လူထုဗဟိုပြု နိုင်ငံရေးနည်းနှင့် အကျပ်အတည်းများကို ဖြေရှင်းရန် ပံ့ပိုးကူညီခြင်းများ အပါအဝင် အာဆီယံ၏ ကြိုးပမ်းမှုကို အားဖြည့်ပေးနိုင်မည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံ၏ မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်နေသည်များကို ကူညီထောက်ပံ့ခြင်းများ ပြုလုပ်ပေးရန်တို့ဖြစ်ကြောင်း ဖော်ပြထားသည်။ http://bit.ly/3UWAKuC

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၈။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သဘာဝသယံဇာတများ စနစ်တကျ ထုတ်ယူအသုံးပြုရေးနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို တိုင်းရင်းသား တော်လှန်ရေးအင်အားစုများနှင့် ညှိနှိုင်းလုပ်ဆောင်နေဟု NUG ထုတ်ပြန်

ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့်သဘာဝသယံဇာတများ စနစ်တကျထုတ်ယူအသုံးပြုရေး နှင့်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် ညှိနှိုင်းလုပ်ဆောင်နေဟု အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက နိုဝင်ဘာ ၇ ရက်တွင်ထုတ်ပြန်ခဲ့ သည်။

ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာအများစုသည် တိုင်းရင်းသားတော်လှန်ရေးအင်အားစုနယ်မြေများတွင် ရှိသည်ဖြစ်ရာ NDC ကို အကောင်အထည် ဖော်ရာတွင် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း ထို့ကြောင့် တိုင်းရင်းသား တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး နှင့် လိုက်လျောညီထွေရှိစေရေးအတွက် လုပ်ငန်းအစီအစဉ်များကို သာမက သစ်တောများအပါအဝင် သဘာဝသယံဇာတများ စနစ်တကျထုတ်ယူအသုံးပြုရေးနှင့် ဒေသခံများ ပူးပေါင်းပါဝင်သည့် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုပါ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ညှိနှိုင်းလုပ်ဆောင်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အကြမ်းဖက်စစ်ကောင်စီက မတရားအာဏာသိမ်းခဲ့သည့် အချိန်မှစ၍ သယံဇာတများအား လက်လွှတ်စပယ် ထုတ်ယူမှု လွန်စွာများပြားလာပြီး ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ရှိလာသည့်အပြင် သစ်တောနှင့်ကျောက်မျက်ရတနာများ အပါဝင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူ သုံးစွဲမှုများကြောင့် ရေကြီးမှု၊ မြေပြိုမှု ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု စသည့် ဘေးအန္တရာယ်များကို ယခင်ကထက် ပိုမိုကြုံတွေ့လာနေရပြီဖြစ်ကြောင်း ထို့အပြင် အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးနေမှုကြောင့် ဖျက်ဆီးခံရသည့် အိမ်ခြေပေါင်း (၃၆၀၀၀) ခန့်ရှိနေပြီဖြစ်ပြီး ၎င်းကျေးရွာပတ်ဝန်းကျင်ရှိ သစ်တောများလည်း တစ်ပါတည်း မီးရှို့ဖျက်ဆီးခံနေရကြောင်း ယင်းမီးရှို့ဖျက်ဆီးမှုသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို အဓိကဖြစ်ပေါ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို ပိုမိုဖြစ်စေပြီး၊ သစ်တောများ ပျက်စီးပြုန်းတီးလာမှုကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချသည့် ကြိုးပမ်းအားထုတ်မှုတွင်လည်း အဟန့်အတားဖြစ်စေကြောင်း ဆက်လက်ဖော်ပြထားသည်။ http://bit.ly/3hHfgU9




တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	နိုဝင်ဘာ ၅ ရက်	အမျိုးသားညီညွတ်ရေး အစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီနှင့် ပဲခူးတိုင်းပြည်သူ့အုပ်ချုပ် ရေးအဖွဲ့များတွေ့ဆုံ	ပြည်ထဲရေးနှင့်လူဝင်မှု ကြီးကြပ်ရေးဝန် ကြီးဌာနမှ ဆောင်ရွက်နေသော မူဝါဒများ ၊ ပဲခူးတိုင်းပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများ နှင့် မူဝါဒပိုင်းဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။	http://bit.ly/3Gdm2ek
၂။	နိုဝင်ဘာ ၆ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊မကွေးတိုင်းရှိ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ များ တွေ့ဆုံဆွေးနွေး	အထူးအုပ်ချုပ်ရေးဒေသအတွင်း ဘဏ္ဍာ ရေး၊လျှပ်စစ်၊ဆက်သွယ်ရေး ၊အခွန်ကောက်ခံမှု၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားစီရင်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထား ရှိမှုများ အထူးအုပ်ချုပ်ရေးဒေသ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3D0ZTNd
၃။	နိုဝင်ဘာ ၉ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊မကွေးတိုင်းရှိ မြို့န ယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး	မြေပြင်အုပ်ချုပ်ရေး ဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လို အပ်ချက်များ မူဝါဒပိုင်းဆိုင်ရာများအား ဆွေးနွေးခဲ့ကြ သည်။	http://bit.ly/3GezW02
၄။	နိုဝင်ဘာ ၁၀ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာနနှင့် ခရိုင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ အစည်းအဝေး	ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၏ရုံး လုပ်ငန်းလက်စွဲ ၊ မြေပြင်ကြုံ တွေ့နေရသည့်ကိစ္စရပ်များနှင့် လိုအပ်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။	http://bit.ly/3TxAl0n